Inya Book Club



# တနင်္ဂနွေညနေခင်း

(ဝတ္ထုတိုများ)

## မြရီ

# နှင်းဆီ နံနက်ခင်း

နူးညံ့အေးမြသော အိပ်ရာခင်း၏ အထိအတွေ့သည် အနည်းငယ် အပူငွေ့တို့ သန်းလာသယောင် စိတ်ဝယ်မှတ်ပြီး မြရီသည် နိုးထ လာလေသည် ။ တကယ်တော့ ဒါသည် ပင် မနက်ခင်း တစ်ခု အစပြုဖို့ ရာ အတွက် သဘာဝက ဖန်တီးပေးလိုက်သော သဘာဝအဆန်ဆုံး နှိုးစက်တစ်ခုပေပဲ မဟုတ်လား။ တစ်ညလုံး လူးလွန့် အိပ်စက်ထားသော အရှိန်တို့ သည် အိပ်ရာခင်း၏ အေးမြမှုကို နွေးထွေးစေခဲ့တာတော့ အမှန်ပင်။

မြရီသည် ခုတင်ပေါ်တွင် ထိုင်လျက် ခုတင်ဘေးက စားပွဲပေါ်တွင် ရှိနေသော နာရီ မှန်သားပြင်ကို တစ်ချက် လှမ်းတို့လိုက်သည် ။ နာရီလက်တံများ ဝေဝါးသွားပြီး နှင်းဆီပန်းများ တစ်ချက် ပေါ်လာသည် ။ မြရီက နှင်းဆီပန်းများကို နှစ်သက်သည် ပဲ။ ဒါကြောင့်လည်း မြရီကို မနက်ခင်း နှုတ်ဆက်ဖို့ ရာ နှင်းဆီပန်းများကို မြရီကိုယ်တိုင် ပရိုဂရမ်လုပ် ထည့်သွင်း ထားခဲ့တာပဲလေ။ နှင်းဆီပန်းလေးများကို နှစ်သက်စွာ ကြည့်ရှု လိုက်ပြီးနောက် ထပ်ပေါ်လာသော တစ်နေ့တာ လုပ်စရာ အချက်အလက်များကို မြရီက သေချာ ပြန်လည်စစ်ဆေး ကြည့်ရှုလိုက်သည် ။

ဒီနေ့ သွားစရာ လုပ်စရာများက များ သည် လည်း မဆိုသာ၊ ဒီပရိုဂရမ် စက်လေးက မြရီ လုပ်စရာ ရှိသည် များကို သူ့ကဏ္ဍနဲ့ သူ စုထားပေးပြီးသား ဆိုတော့ မြရီ လုပ်စရာ ရှိသည် များကို မြရီ ကိုယ်တိုင် အထူးတလည် စီမံခန့်ခွဲနေစရာ မလိုတော့ပေ။ ဒီနေ့အဖို့ ဖုန်းဆက်စရာ

လူကိုယ်တိုင် သွားတွေ့စရာ နောက်ထပ်တွေ့ဖို့ ရာ ချိန်းဆိုစရာ လက်ခံပြီးသော အလုပ်များကို လုပ်စရာ ဒါတွေနဲ့ ပင် ဒီနေ့လယ် အချိန် တစ်ဝက်လောက်ကတော့ ကုန်သွားဖို့ ပါပဲ။ ပြီးရင်တော့ ကလေးတွေကို ခေါ်ပြီး မြရီတို့ သားအမိတစ်တွေ ညနေခင်း သွားလို့ လည်လို့ ရနိုင်ပေသေးသည် ။

မြရီသည် ရေမိုးချိုးပြီးသောအခါ နှိုးစက်ထဲက မြရီ ဒီနေ့လုပ်စရာ ပရိုဂရမ်ကို ကူးယူပြီး အဝတ်ဗီရိုရှေ့သို့ သွားလိုက်သည် ။ ကူးယူလာသော ပရိုဂရမ်ကို အဝတ်ဗီရို လက်ကိုင်ရှိ ဖုန်သားပြင်ဆီ ကူးယူ ထည့်သွင်းလိုက်သောအခါ မြရီအတွက် ဒီနေ့ဝတ်ဖို့ အသင့်တော်ဆုံး အဝတ် ၃-၄ စုံကို အဆင်သင့် ရွေးထုတ် ပေးပြီးသား ဖြစ်နေတော့သည် ။ မြရီက ဖက်ဖူးစိမ်းရောင်လေးကို ရွေးထုတ်လိုက်ပြီး ဝတ်ဆင်လိုက်သည် ။ မြရီသည် လိုက်ဖက်မည် ထင်သော ပိုက်ဆံအိတ်ကို ရွေးထုတ် လိုက်သော်လည်း တကယ်တော့ ပိုက်ဆံအိတ်ထဲတွင် ထွေထွေထူးထူး ထည့်ယူလာစရာ ပစ္စည်းပစ္စယ ရယ်လို့ သိပ်ရှိလှသည် တော့ မဟုတ်ပါ။ ဖုန်းတစ်လုံး ပါလျှင်ပင် မြရီအတွက် အရာရာ ပါလာသည် နှင့်တူသည် မဟုတ်ပါလား။ မြရီက ဖုန်းထဲက နံပါတ်တစ်ခုကို နှိပ်လိုက်ပြီး ပေါ်လာသော ဖြည့်စရာကွက်လပ်နေရာတွင် မြရီ၏ ကိုယ်ပိုင်နံပါတ် တစ်ခုကို ထည့်သွင်း လိုက်သည် ။ ဒါဆိုရင် အခု မြရီတို့ နေထိုင်ရာ အဆောက်အဦ၏ ကားပါကင်မှ မြရီ၏ ကားသည် အပြင်ဘက် ကားဝင်းထဲသို့ ရောက်ရှိနေဖို့ ရာ အသင့် ဖြစ်လေပြီ။

မြရီသည် အခန်းတံခါးကို ပိတ်လိုက်ပြီး ကားဝင်းဆီသို့ လမ်းလျှောက် လာခဲ့သည် ။ မြရီတို့ အိမ်ရာဝင်းကြီးက ကျယ်ပြော လွန်းလှလို့ ကားဝင်းဆီ ရောက်ဖို့ ရာ အတန်ငယ် လှမ်းလေသည် ။ ဒါပေမဲ့ မြရီတို့ အားလုံး နီးပါးကတော့ ဒီလိုပဲ ကားဝင်းဆီ နံနက်တိုင်း လမ်းလျှော

က် သွားနေကျ ဖြစ်သည် ။ ဒါသည် လည်း မြရီတို့ လူနေမှု စနစ်ကြီးရဲ့ ကောင်းသော စီမံမှုတစ်ခုပင်။ နံနက်ခင်းမှာ ပင် မြရီတို့ အတွက် တစ်နေ့တာ လိုအပ်သော ကျန်းမာရေး ကောင်းမွန်မှုကို အားဖြည့်ပြီးသား ဖြစ်နေပေတော့သည် ။ မြရီသည် ကားဝင်ကြီးထဲက မြရီ နှစ်သက်လှသော ခရမ်းသွေးကျကျ လှပနေသော မြရီ၏ ကားဆီကို တက်ကြွသော ခြေလှမ်းများ နှင့် လှမ်းလာခဲ့တော့သည် ။

တကယ်တော့ မြရီသည် ကားမောင်း သင်လိုက်သည် မှာ မနေ့ကမှပင် ဖြစ်သည် ။ ဒီနေ့အဖို့ မြရီအတွက် ပထမဆုံး လမ်းပေါ် တက်မောင်းမှာ ပင်။ ဒါပေမဲ့လည်း မြရီစိတ်ထဲ စိုးရိမ်စိတ်တို့ ရှိမနေပါ။ မြရီရဲ့ ကားက ပြီးခဲ့တဲ့ လကမှ ထွက်ထားတဲ့ အမြင့်ဆုံး မော်ဒယ်ဆိုတော့ မြရီအတွက် အထူး စိုးရိမ်နေစရာ မလိုအောင် ထိန်းချုပ် စနစ်တွေက ပါနေပြီးသားလေ။ ခုပဲကြည့်လေ မြရီသွားမဲ့ နေရာတွေကို တန်းစီ ထည့်ပေးလိုက်ပြီ ဆိုတာနဲ့ ဘယ်နေရာကို အရင်ဆုံး သွားရမယ် ဘယ်လောက် ကြာမယ် ဘယ်လမ်းက သွားရမယ်ဆိုတာ သူက လမ်းညွှန်ပြီးသား။ သည် ထက်ပိုပြီး ကိုယ်သွားချင်တဲ့ နေရာနဲ့ အချိန်ကိုပါ အတိအကျ ထည့်သွင်း လိုက်ရင်လည်း သူက အသင့်တော်ဆုံး သွားရမဲ့ လမ်းကို ညွှန်ပေးဦးမှာ ။ ပြီးတော့ ကားလမ်းပေါ်မှာ ကိုယ်သွားမဲ့လိုင်းကို ကိုယ်က ဦးတည် ပေးလိုက်ရုံနဲ့ ကားဘီးတွေရဲ့ စင်စာတွေက လမ်းမချော်သွားအောင် ထိန်းပေးသွားဦးမှာ မဟုတ်လား။ သည် တော့လည်း သူများ ကားကို သွားတိုက်မိမှာ လမ်းချော် တိမ်းမှောက်မှာ မျိုးတွေ တကယ့်ကို စိုးရိမ်နေစရာ မလိုလောက် အောင်ပါဘဲ။

ဒီနေ့ မြရီ သွားရမည့် နေရာတွေက မြို့လယ်ကောင်မှာ သာ များနေသည် ။ သည် တော့လည်း မြရီ၏ ကားသည် မြို့လယ်ကောင်က ကားအများ ရပ်နားရာလည်း ဖြစ် အပန်းဖြေ နားခိုရာလည်း ဖြစ်သော

မြို့လယ် စင်တာမှာ သာ အဆုံးသတ် ရပ်နားရမည် ဖြစ်သည် ။

မြရီသည် မြို့လယ် စင်တာဝင်းထဲက ကားရပ်ရာနေရာမှာ ရပ်လိုက်ပြီး ကားရပ်နား လက်မှတ်ကို စက်ထဲက လှမ်းယူလိုက်သည် ။ ဂိတ်တွင် အသင့်စောင့်နေသော ကားသိမ်းမည့် ဝန်ထမ်းကို ဖြတ်ပိုင်းလေး လှမ်းပေးလိုက်သောအခါ သူက မြရီကားလေးကို ကားပါကင်တွေဆီ မောင်းယူသွားပြီ ဖြစ်သည် ။ မြရီအတွက် အချိန်အနည်းငယ် ပိုနေပေသေးသည် ။ မြရီ သွားမည့် မြို့ထဲ တစ်ဝိုက်က နေရာတွေအတွက်တော့ အီလက်ထရောနစ် စက်ဘီးလေးတွေနဲ့ ရှေ့ဆက်ရုံသာ ဖြစ်တော့သည် ။ ဒါကြောင့်လည်း မြရီတို့ မှာ ကိုယ်နဲ့ တစ်ပါတည်း အလေးအပင် ဘာမှ သယ်သွားစရာ မလိုအောင် အစစအရာရာ အွန်လိုင်းစနစ်များ နှင့် အသေအချာ အသားတကျ စီမံခဲ့ကြရသည် မဟုတ်လား။

ခရီးဆက်ဖို့ ရာ ကိစ္စတွေက အချိန်လို နေသေးတော့ မြရီအဖို့ ရာ တစ်နာရီလောက် ကားဝင်းထဲ အချိန်ဖြုန်းနေဖို့ ပင် ဖြစ်တော့သည် ။

မြရီသည် ကွင်းလယ်က ရေပန်းကြီး ရှိရာဆီ လာခဲ့ပြီး ရေပန်း ပတ်လည်က နားနေစရာ နေရာလေး တစ်ခုမှာ ဝင်ထိုင်လိုက်သည် ။ အနားမှာ ရှိသော ကော်ဖီဖျော်စက် ဆီက ကော်ဖီတစ်ခွက် ဝယ်လိုက်ပြီး ကော်ဖီကို တစိမ့်စိမ့် ထိုင်သောက်ကာ သွားလာ လှုပ်ရှားနေကြသူ များကို ထိုင်ကြည့် နေလိုက်သည် ။ ကားအနီရောင်လေး တစ်စီးပေါ်မှ ဆင်းလာသော အမေတစ်ယောက် ကလေးငယ်လေးကို လက်ကဆွဲရင်း ကလေးထိန်းစင်တာဆီ လျှောက်သွားနေလေသည် ။ ကလေးငယ် ရှိသော မိသားစုတွေကတော့ ဒီလိုပဲ ကားဝင်းကြီးထဲက ကလေးထိန်း စင်တာတွေမှာ တစ်နေ့တာ အပ်ပြီး ညနေကျ ကလေးငယ်တို့ နဲ့ အတူ ပြန်ရုံသာပါ။ ဒီလိုပဲ အိမ်မှာ လူကြီးတွေ တစ်ယောက်တည်း မနေခဲ့ချင်လည်း ဒီကား

ဝင်းကြီးထဲက လူမှုရေး စင်တာတွေမှာ တစ်နေ့တာ လာနေလိုက်ကြရုံ။ ခုခေတ်ကြီးမှာ တော့ မြရီတို့ အတွက် စိတ်ပူပန် သောကတွေဆိုတာ သိပ်မရှိကြ တော့ပါဘူး။ အားလုံးက သူ့ပရော်ဖက်ရှင်နယ် ကျကျ သူ့နေရာနဲ့ သူ လုပ်ရှား လည်ပတ်နေကြတာ ဆိုတော့ အရာအားလုံးသည် သက်သောင့်သက်သာ ရှိနေကြသည် သာ။

မြရီ၏ အကြည့်တို့ ဟိုးခပ်လှမ်းလှမ်းဆီ ငေးမောလိုက် အနီးက ဖြတ်သွားသူတွေဆီ မျှောပါလိုက်နှင့် အားလပ်ခြင်းရဲ့ အရသာကို ခံစားစီးမျော နေလေသည် ။ ကားပါကင်ဆီ ပို့ဖို့ ကားတွေ ရပ်ရာဆီ အကြည့်တစ်ချက် အရောက် ကားပေါ်က ဆင်းလာသော ခြေတစ်ဖက်ကို မြရီက သတိထား မိသွားလေတော့သည် ။ ကတ္တီပါဖိနပ် ဝတ်ဆင်ထားသော ခြေချောင်းလေးများက ရှင်းသန့်လို့ နေသည် ။ တကယ်တော့ ခြေချောင်းလေးများ ရှင်းသန့်နေခြင်းက ဘာမှ ထူးဆန်းသည် မဟုတ်ပါ ။ ကတ္တီပါ ဖိနပ်ကသာ မြရီအတွက် အိုမြရီ အတွက်တင် မဟုတ် အတော်များများ အတွက် ထူးဆန်း နေလေမလား။ ခုခါမှာ ဒီလို ကတ္တီပါ ဖိနပ်စီးသူ ရှားပါးလွန်းလှသည် ပဲ။ မြရီ၏ အကြည့်တို့ သည် သူ့ဆီမှ မခွာနိုင်တော့ပါ။ ကတ္တီပါဖိနပ်လေးမှ မဟုတ် အပေါ်ကုတ်အင်္ကျီ မပါဘဲ ရှပ်အင်္ကျီလေး တစ်ထပ်တည်းသာ ဝတ်ထားသော သူ့ပုံစံသည် အတော်လေးပဲ ရိုးရှင်းလွန်းစွာ မြရီကို ဖမ်းစား လေတော့သည် ။ အိုဒါတင် မဟုတ်သေး။ သူ့ဆံပင် ပုံစံသည် လည်း လွတ်လပ်စွာ ဝဲလွင့် နေသေးသည် ပဲ။ သူလွယ်လာသော အိတ်ကပင် ပခုံးထက်မှာ လွယ်လို့ ထားသော ဘေးလွယ်အိတ်လေး ဖြစ်လို့ နေသည် ။ ဘာလို့ များ သူဟာ ခုခေတ် အဆောင်အယောင် တွေကနေ ကင်းကွာ နေရတာပါလိမ့်။

သူက မြရီ ရှေ့တည့်တည့်ကို လျှောက် လာလေပြီ။ မြရီကိုပဲ လှမ်းကြည့်ပြီး ပြုံးနေ သယောင်ယောင်၊ မဟုတ်ဘူး လေ ဒါဘယ်လို ဖြစ်နိုင်

မှာ လဲ မြရီဖြင့် သူ့ကို ခုမှ မြင်ဖူးတယ် သူနဲ့ လည်း ဘယ်တုန်းကမှ မရင်းနှီးပါဘဲ မြရီကို ဘယ်လိုလုပ် ပြုံးပြ နှုတ်ဆက်မှာ လဲလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ် မြရီသည် သူ့ကိုသာ လိုက်ကြည့် နေမိတော့တာကတော့ အမှန်ပင်။ သူ ဘယ်သူ့ကို နှုတ်ဆက်လေသလဲ သိလိုစိတ်နှင့် မြရီက ကိုယ့်နောက်ဘက်ကို လှည့်၍ ပင် ရှာလိုက်သေးသည် ။ မြရီ နောက်မှာ လည်း ဘယ်သူမှ မရှိ၊ သူ ဘယ်သူ့ကို ပြုံးကြည့်လေသလဲ မြရီ မသိတတ်နိုင်၊ သူ့အပြုံးတို့ သည် အလွန်ပဲ နှစ်နှစ်ခြိုက်ခြိုက် နွေးနွေးထွေးထွေး ရှိလှပေစွ။ သည် လိုနဲ့ သူသည် မြရီကိုကျော်ပြီး ဖြတ်လျှောက်သွားခဲ့ပေပြီ ။ မြရီသည် ရင်ဘတ်ထဲတွင် နွေးထွေးနေသော ခံစားချက်လေးနဲ့ အတူ ကျန်ခဲ့ပြီး အတွေးတို့ ဆက်လက် ပုံ့လွင့်နေမိ ပေပြန်သည် ။

မကြာသေးဘူး ပြောရမလား ကြာသွားပြီ ပြောရမလား၊ တကယ်တော့ ဒီကားဝင်းကြီး ဆိုတာ မြရီတို့ ငယ်ငယ်က လာချင်လွန်းလို့ အမေအဖေကို ခဏခဏ ပူဆာလိုက်ပို့ ခိုင်းခဲ့ရတဲ့ နေရာတစ်ခုပါပဲ။ မြရီ ထိုင်နေသော နေရာဖြစ်မလား ဟိုးဘက်နားလောက် ဖြစ်မလား ဆင်ကြီးမိုမို ကို ကြံဆစ်ကြံပိုင်းတွေ ကျွေးခဲ့ရာ နေရာပေ့ါ။ မြရီရဲ့ လက်သေးသေး လေးနဲ့ ကြံဆစ်ပိုင်းကို မရဲတရဲ ကိုင်ပြီး ဆင်ကြီး မိုမိုရှိရာဆီ လက်ကို မဝံ့မရဲ ကမ်းပေးခဲ့သည် ။ ဆင်ကြီးမိုမိုက သူ့နှာမောင်းလေးကို မြရီလက်ကို မထိရအောင် လိမ်ဖျော့ပြီး ကျွမ်းကျင်စွာ ကြံပိုင်းဆစ်လေးကို ယူပြီး သူ့ပါးစပ်ထဲ ထည့်လိုက်လျှင် မြရီက သဘောကျစွာ လက်ခုပ်လေးများ တီးလိုက်သေးသည် ။ ကားဝင်းကြီး အဝင်ပေါက် နားလေးပဲ ဖြစ်မှာ ပါ မျောက်ကလေးများ ဝို့ဝို့ဝုဝု အော်ဟစ်ဆူညံ အစာတောင်း နေကြတာ မြရီ မျက်စိထဲ ပြန်မြင်ယောင် လာသေးသည် ။ ဒေါင်းလေးများ ကရာ၊ ငှက်ကြီး ဝန်ပိုကြီး လှလှပပ လမ်းလျှောက်ရာ သြော် သဘာဝ တရားတို့နဲ့ လှပရာ တိရစ္ဆာန်ရုံ ဝင်းကျယ်ကြီးပါပဲ။

နောက်တော့ မြရီတို့ သားအမိတွေ ခေတ်ရောက်တော့ တိရစ္ဆာန်ရုံကို လည်ပတ်ဖို့ ထက် ဂိမ်းတွေဆော့ ကွန်ပျူတာတွေ ဖုန်းတွေ ဆော့လို့သာ နေကြတော့သည် ။ မြရီတို့ ရန်ကုန်မြို့ကြီးလည်း လူတွေ များ သထက်များ လာ၊ ကားတွေ များ သထက် များ လာ လမ်းပေါ်မှာ တစ်နေ့တစ်နေ့ ကားတွေ ပြည့်ကျပ် နေတာနဲ့ တင် လိုရာ ခရီးကို တော်တော်နဲ့ မရောက်ခဲ့ရသည့် နေ့ရက်များ မြရီတို့ ဖြတ်ကျော်ခဲ့ရသေးသည် ။

မြရီတို့ တိုင်းပြည်ကြီးလည်း အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို ကူးပြောင်းပြီး ဒီမိုကရေစီစနစ်ကြီး အောင်မြင်အောင် မြရီတို့ အားလုံး အစွမ်းရှိသမျှ လုပ်ဆောင်ခဲ့ကြသည် မဟုတ်လား။ သည် လိုနဲ့ တစ်နှစ်ပြီးတစ်နှစ် နှစ်တွေပြောင်းလာ ခေတ်တွေပြောင်းလာ။ ခုမြရီတို့ခေတ်ကြီး ဆိုတာများ ဒီမိုကရေစီစနစ်ကို ခေတ်မီတိုးတက်တဲ့ နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်တော့ လူတိုင်းဟာ လူသားဆန်စွာ အဆင့်မြင့်မြင့် လှုလှုပပ သွားလာလှုပ်ရှား လုပ်ကိုင်နိုင်စွမ်းတွေ ရှိနေကြတာ ဆိုတာများ အရာရာဟာ စိတ်နှလုံး အေးချမ်းစရာချည်းလို့ ပြောရမလိုပင်။

လူဆိုတာက ဉာဏ်ပညာနဲ့ ထိန်းချုပ် လုပ်ကိုင်ကြရုံ ကျန်တာက နည်းပညာ အထောက်အကူ စက်ပစ္စည်းတွေနဲ့ ဖြည့်ဆည်း လုပ်ကိုင်ကြတော့ တစ်ယောက်ကို တစ်ယောက် ပြိုင်စရာ ဆိုင်စရာ သိပ်မရှိ၊ တစ်ယောက်နဲ့ တစ်ယောက် မနာလို မုန်းထားစရာ သိပ်မလို၊ ကမ္ဘာသည် ရွာဖြစ်ရုံ မကလို့ ကိုယ့်အိမ်သည် ပင် ကမ္ဘာ၊ ကမ္ဘာသည် ပင် ကိုယ့်အိမ်လိုဖြစ်လို့ နေသည် ဆိုရမလို။

မြရီသည် တွေးရင်း ငေးရင်း ငေးရင်း တွေးရင်းနှင့် မြရီနား ဖြတ်သွားနေသော လူတို့ သည် အရိပ်တွေလို အရောင်တွေလို ဖျတ်ကနဲ နီးလာလိုက် ဖျတ်ခနဲ ဝေးသွားလိုက် အခိုက်အတန့် လေးမှာ ကားဟွန်းတီး

သံ တစ်ချက်က မြရီကို ထိတ်ခနဲ လန့်သွားစေသည် ။ သည် နေရာမှာ ဘယ်လို အကြောင်းနဲ့ မှ ဟွန်းသံ ကြားစရာ မရှိဟု မြရီက အံ့သြ သွားလေသည် ။ ဒါသည် ဟွန်းသံ ကင်းမဲ့ဇုန် မဟုတ်ပါလား ဘယ်လိုကြောင့် မြရီ နားထဲ ဟွန်းသံ ဝင်လာပါလိမ့်ဟု မြရီက ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကားဝင်းကြီးသည် ဘယ်ဆီ ပျောက်လေသည် မသိ။ မြရီက ကားထဲမှာ ထိုင်နေလေသည် ။ မြရီ နားမှာ တိုက်တွေ လူတွေနဲ့ ကားတွေ ရှုပ်ထွေးလို့ နေသည် ။ မြရီ နားထဲ ကားဟွန်းတီးသံက အဆက်မပြတ်ဆိုသလို ကြားလာရသည် ။ အလန့်တကြား မြရီ နောက်ကို လှည့်ကြည့်လိုက်တော့ ကားအနီရောင်လေးတစ်စီးက ကားမောင်းသူ မိန်းမပျိုလေးသည် စိတ်မရှည်လှစွာ မြရီကို လှမ်းကြည့်ပြီး ဟွန်းကို အဆက်မပြတ် ဖိတီးနေတာကို တွေ့လိုက်ရသည် ။ မြရီသည် ဘာဘာညာညာ တွေးတော မနေအား သူ့လမ်းကို ပိတ်နေသော မြရီကားကို အမြန် မောင်းထွက်ဖို့ ရာ ပြင်လိုက်ရသည် ။

ကားကို ဖြည်းဖြည်း မောင်းထွက်ရင်း မြရီ အာရုံတို့ ပြန်လည်စုစည်းမိလေပြီ။ မြရီ မနက်က အလုပ်ကိုလာတာ၊ အလုပ်ကနေ အပြင်ခဏ ထွက်လာတာ၊ ဘဏ်မှာ ငွေလာထုတ်တာ၊ ငွေထုတ်ဖို့ ရာ အချိန်စောင့်ရဦးမယ် ဆိုတာကြောင့် ဘဏ်ထဲ ထိုင်မနေချင်တာနဲ့ မြရီ ကားထဲ အဲကွန်းဖွင့်ပြီး ထိုင်စောင့်နေတာ၊ ထိုင်ရင်းနဲ့ မြရီ ငိုက်သွားလေသလား မသေချာသော်လည်း ငိုက်သွားတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် မြရီကို ကားအနီလေးက အကြာကြီး ဟွန်းတီး ဖယ်ခိုင်း နေခဲ့တာပဲ နေမှာ ပေါ့လေ။ တကယ်တော့ မြရီ အတွေးတို့ သည် မြရီ ဖြစ်ချင်လှသော အနာဂတ်ကို ပုံဖော် စိတ်ကူး နေခဲ့သည် ပဲ။ အမှန်က မနေ့ကပဲ ကားပါကင်နေရာ အခက်အခဲအတွက် လွှတ်တော်မှာ ဆွေးနွေး နေတာကို အိမ်မှာ မြရီ အသေအချာ ထိုင်ကြည့်နေခဲ့တာပဲ။ ဒါနဲ့ ပဲ မြရီသည် စိတ်စွဲသွားခဲ့သည်

။

မြရီသည် တစ်ယောက်တည်း ကျေနပ် သဘောကျစွာ ကျိတ်ပြုံးမိလေသည် ။ လှလိုက်တဲ့ မြရီရဲ့ စိတ်ကူးလေး၊ မြရီရောက်သွားတဲ့ မြရီ ဖြစ်ချင်တဲ့ မြရီတို့ တိုင်းပြည်ရဲ့ လှလိုက်တဲ့ အနာဂတ်၊ မြရီက ကိုယ့်တိုင်းပြည်သာမဟုတ် ကမ္ဘာကြီးတောင် စိတ်ကူးထဲ ဆွဲထည့်လိုက်သေး၊ အင်းလေ ဒါတွေ ဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်မှာ လဲ၊ နောက် ၅နှစ် နောက် ၁၀ နှစ် နောက်အနှစ် ၂၀၊ သည် လို ပုံသာဆို စကြာပူကို ကျော်ဖို့ ရာတောင် မဟုတ်၊ ဘယ်သူကမှ ဘယ်သူ့ကို ကျော်ဖို့ ရာတောင် မလို အားလုံးက နည်းပညာ ကွန်ရက်တွေ အောက်မှာ တစ်သွေးတည်း တစ်သားတည်း ကမ္ဘာတစ်ခု ဖြစ်လို့ နေပြီ မဟုတ်ပါလား။ အို ဒီလိုခေတ်ကို အမြန် ရောက်ချင်စမ်းလှပါဘိတော့။ မြရီသည် တွေးရင်း နှလုံးသွေးများ လန်းဆန်းလို့ တက်ကြွလို့ ပင် လာလေသည် ။

ခုနေတော့ ဒီမနက်ခင်းကပင် မြရီကိုယ်တိုင်က မနေ့က အတော်လေး ဦးထားခဲ့ရသည့် မြရီ ကားရပ်ထားရာ နေရာကနေခွာပြီး ကားကို မောင်းထွက်ခဲ့ဖို့ ရာ အလွန်ပဲ နှမြောလို့ နေခဲ့သည် ပဲ။ အင်း ကိုယ့်နေရာ ကိုယ့်ဒေသ ကိုယ်ပိုင်ဆိုတဲ့ အစွဲလေး ပျောက်ဖို့ ရာတော့ မြရီကိုယ်တိုင်က စလို့ အတော်လေးကိုပဲ ကြိုးစား ရဦးမှာ ပါပဲလေ။ မြရီသည် ကားတွေ ရှုပ်ထွေးနေသော လမ်းမကြီးမှာ ဖြည်းဖြည်းမှန်မှန် မောင်းနေရင်း မြရီ ရောက်ခဲ့ရသော ကားဝင်းကြီးထဲက မြရီ ေးမောမိသော သူ့ရုပ်ပုံလွှာကို မြင်ယောင်နေမိ ပေတော့သည် ။

*****